# ၁၅ကြိမ်မြောက်အာဆီယံစီးပွားရေးအသိုက်အဝန်းအလုပ်ရုံဆွေးနွေးပွဲ

**(စက်တင်ဘာလ (၃)ရက်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး))**





**နိဒါန်း**

၁၅ ကြိမ်မြောက် အေအီးစီအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)၌ "အေအီးစီအကြောင်းသိကောင်းစရာ"ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်သီတာကြူက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း (၁၇၉) ဦးတက်ရောက်ခဲ့ပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲကို ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စုနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်ရွှေရတုသဘင်ဖြစ်မြောက်ရေးကော်မတီတို့၏ ပူးပေါင်းမှုဖြင့် PT&MM Event Ads Co.,LTD မှ စီစဉ်ကျင်းပခြင်း ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲအကြောင်းအရာခေါင်းစဉ်များနှင့် ဟောပြောဆွေးနွေးသူများ-

(က) **" အဖွင့်အမှာစကားပြောကြားခြင်း "**

ဒေါက်တာဒေါ်သီတာကြူ၊ပါမောက္ခဌာနမှူး၊ရန်ကုန်စီးပွားရေးတက္ကသိုလ်

(ခ) **"အာဆီယံစီးပွားရေးအသိုက်အဝန်းဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်"**

(ဦးတင်ချို၊ Senior Advisor ၊ Parami Energy Group of Companies)

(ဂ) **" အာဆီယံအကြောင်းသိကောင်းစရာ"**

ဒေါက်တာဒေါ်ခင်အုန်းသန်(အငြိမ်းစားအကြံပေး)၊အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ဃ) **" SMEs အရေးပါပုံနှင့် လက်ရှိSMEs အခြေအနေ "**

ဦးဇော်သန်း၊ အယ်ဒီတာချုပ်၊ ECO Echo Journal

(င) **"Regional Land Transport Linkages in Myanmar"**

ဦးအောင်မြင့်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဒု-ဥက္ကဌနှင့် Senior Advisor ၊ Parami Energy Group of Companies)

(စ) **" အာဆီယံအကြောင်းသိကောင်းစရာ"**

(ဒေါ်တင်တင်ထွေး၊ Senior Advisor ၊ Parami Energy Group of Companies နှင့် (အငြိမ်းစား-ညွှန်ကြားရေးမှူး) National AFTA Unit)

**ဆွေးနွေးချက်များ**

ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခ ဌာနမှူး ဒေါက်တာဒေါ်သီတာကြူက ၂၀၁၅တွင် အေအီးစီ အကောင်အထည်ပေါ်လာတော့မည်ဖြစ်သော်လည်း ကျောင်းသူ ကျောင်းသားများအနေနှင့် အေအီးစီကို သတိပြုမှု နည်းနေသေးကြောင်း၊ ထို့ကြောင့် ကျောင်းသူ ကျောင်းသားများ အနေနှင့် အေအီးစီအကြောင်းကို သိရှိပြီး ကြိုတင် ပြင်ဆင်မှုများပြုလုပ်နိုင်ရေးအတွက် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲကို ရွှေရတုသဘင် ဖြစ်မြောက်ရေး ကော်မတီနှင့် ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုတို့၏ ပံ့ပိုးမှုဖြင့် ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ ယင်းအတွက်လည်း ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုကို အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားပါသည်။

ဆက်လက်ပြီး အေအီးစီအလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်အကြောင်းပြောကြားရာတွင် ဦးတင်ချိုက ယခင်က အေအီးစီအကြောင်း သိသူ အလွန်ရှားပါကြောင်း၊ ယင်းသို့ မသိခြင်းမှာ သိအောင် မပြောခြင်းကြောင့် လည်းဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်နေပြီး ပွင့်လင်းမြင်သာမှုများရှိလာပါကြောင်း၊ သို့ရာတွင်လည်း အေအီးစီနှင့်ပတ်သက်ပြီး ပြည်သူအား အသိပညာပေးမှု အလွန်အားနည်းနေပါကြောင်း၊ ထို့ကြောင့် အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးအဖြစ် မိမိတို့ကုမ္ပဏီများအုပ်စုမှ အေအီးစီအကြောင်း ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့ပါကြောင်း၊ ယင်းသို့ကျင်းပလာသည်မှာ ယနေ့အလုပ်ရုံဆွေးနွေးပွဲသည် ၁၅ ကြိမ်မြောက်အလုပ်ရုံ ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ မိမိတို့ပါရမီစွမ်းအင်ကုမ္ပဏီ၏CSR အစီအစဉ်အောက်မှ ယင်းအလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပလျှက်ရှိပြီး မြို့ကြီးများတွင်သာမက နယ်မြို့များအထိပါသွားရောက်ဆွေးနွေးဟောပြောပါကြောင်း၊ မိမိတို့ CSR အစီအစဉ်တွင် လုပ်အားပေးပါဝင်လုပ်ကိုင်ဆောင်ရွက်လိုသော လူငယ်များကိုလည်း ဖိတ်ခေါ်ပါကြောင်း ပြောကြားပါသည်။

ဒေါက်တာဒေါ်ခင်အုန်းသန့်က အာဆီယံဖွဲ့စည်းတည်ထောင်ပုံ၊ ရည်ရွယ်ချက်၊ အာဆီယံအသိုက် အဝန်းဖြစ်ပေါ်ရေးအတွက် မဏ္ဍိုင်ကြီး (၃) ရပ် စသည်တို့ကို ပြောကြားသည့်အပြင် ယခုအခါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း မဏ္ဍိုင်တစ်ရပ်အနေနှင့်ထည့်သွင်းရန် ကြိုးပမ်းနေကြကြောင်း၊ ၎င်းတို့အနက် အာဆီယံ စီးပွားရေးအသိုက်အဝန်းကို ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်မှုရှိမရှိ လူအများက မေးခွန်းထုတ်နေကြပါကြောင်း၊ လုပ်ငန်းစဉ်အားလုံးအောင်မြင်မည်မဟုတ်ဘဲ တရွေ့ရွေ့ဖြင့် အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားပါသည်။

ဦးဇော်သန်းက အေအီးစီအကြောင်း ပြောကြားရာတွင် SME အကြောင်းကိုလည်း ထည့်သွင်း ပြောကြားရမည်ဖြစ်ပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်း၏၉၀ ရာခိုင်နှုန်းတွင် SME ပါဝင်နေပါကြောင်း၊ ထို့အပြင် SME မှ လုပ်သား ၆၀ ရာခိုင်နှုန်းကို အလုပ်အကိုင် အခွင့်အလမ်းများလည်း ပေးအပ်နေပါကြောင်း၊ မြန်မာနိုင်ငံတွင် SME လုပ်ငန်းပေါင်း ၃၀၀၀၀ ကျော် ရှိပါကြောင်း၊ SME လုပ်ငန်းများတွင် စားသောက်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်း ၆၃.၅ ရာခိုင်နှုန်းနှင့် စက်မှုနှင့် အထွေထွေလုပ်ငန်း ၂၆.၄၉ ရာခိုင်နှုန်းပါဝင်ပါကြောင်း၊ ထို့အပြင် အသေးစားစက်မှုလုပ်ငန်းနှင့် အလတ်စား စက်မှုလုပ်ငန်းတို့၏ ခြားနားချက်များကို ဆွေးနွေးပြောကြားသည့်အပြင် အစိုးရအနေနှင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ၂၀ ဘီလီယံကို SME လုပ်ငန်းပေါင်း ၁၈၀ ကျော်အား ပေးအပ်မည်ဖြစ်ပါကြောင်း ပြောကြားပါသည်။

ဆက်လက်ပြီး ဦးအောင်မြင်က သယ်ယူပို့ဆောင်ရေးတွင် ထိတွေ့နိုင်သော သယ်ယူပို့ဆောင်ရေးနှင့် မထိတွေ့နိုင်သော သယ်ယူပို့ဆောင်ရေးဟူ၍ (၂) မျိုးရှိပါကြောင်း၊ ထိတွေ့နိုင်သောသယ်ယူပို့ဆောင်ရေး (၄) မျိုးမှာ ကုန်း၊ ရေ၊ လေ နှင့် ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်းတို့ဖြစ်ပါကြောင်း၊ မထိတွေ့နိုင်သော သယ်ယူပို့ဆောင်ရေးမှာ ICT ဖြစ်ပါကြောင်း၊ ထို့နောက် မြန်မာနိုင်ငံ၏ယာဉ်အခြေအနေ၊ လမ်းအခြေအနေနှင့် မဟာဗျူဟာမြောက်လမ်းများအကြောင်းတို့အပြင် သယ်ယူပို့ဆောင်မှုမရှိလျှင် ကုန်သွယ်မှုမရှိနိုင်၊ ကုန်သွယ်မှုမရှိလျှင် စီးပွားရေးမဖြစ်နိုင်ဟု ပြောကြားရင် သယ်ယူပို့ဆောင်ရေး၏အရေးပါပုံကို ဆွေးနွေးဟောပြော ပါသည်။

ဒေါ်တင်တင်ထွေးက အာဆီယံမျှော်မှန်းချက် ၂၀၂၀၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) အခြေပြုမြေပုံ ၊ အေအီးစီတွင် ပါဝင်သည့်အဓိက အချက်ကြီး (၄) ချက်နှင့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ အကြောင်း ဆွေးနွေးသွားပါသည်။

**အမေးအဖြေကဏ္ဍ**

စာရင်းအင်းပညာမှ တတိယနှစ်ကျောင်းသား မောင်အောင်မျိုးဇော်က မြန်မာနိုင်ငံ၏ငွေကြေးနှင့် အာဆီယံ၏ငွေကြေးခြားနားမှုရှိမရှိနှင့် ယင်းအချက်က အေအီးစီအပေါ် အကျိုးသက်ရောက်မှုရှိမရှိမေးမြန်းပါသည်

ဒေါက်တာဒေါ်ခင်အုန်းသန့်က မြန်မာနိုင်ငံ၏ငွေကြေးနှင့် အာဆီယံငွေကြေးမှာ ခြားနားမှုရှိနေပြီး မြန်မာနိုင်ငံငွေကြေးမှာ နည်းနေသေးပါကြောင်း၊ ယင်းအချက်သည်လည်း အေအီးစီအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသည် နှစ် ၅၀ ကျော်မျှ နောက်ကောက်ကျခဲ့သည့်အတွက် ဖြစ်ပါကြောင်း၊ ယခုကစပြီး မိမိတို့ကျိုးစားရမည်ဖြစ်ပါကြောင်း၊ အာရှဖွံ့ဖြိုးတိုးတက်မှုဘဏ်မှ မြန်မာနိုင်ငံအနေနှင့် အာဆီယံနိုင်ငံများကို ၂၀၂၀ ခုနှစ်တွင် မီနိုင်သည့်အလားအလာရှိသည်ဟု ခန့်မှန်းပြောကြားသည်များလည်း ရှိပါကြောင်း ပြန်လည်ဖြေကြားပါသည်။

ဦးတင်ချိုက ယခင်အစိုးရလက်ထက် မြန်မာနိုင်ငံတွင် ဒေါ်လာငွေနှင့် မြန်မာငွေလဲလှယ်နှုန်းမှာ အလွန်ကွာခြားပါကြောင်း၊ ယခုအခါပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ငွေကြေး၏ဝယ်ယူနိုင်မှု စွမ်းအား သည်လည်း အလွန်အရေးကြီးပါကြောင်း ဖြည့်စွက်ပြောကြားပါသည်။

စာရင်းအင်းပညာမှ တတိယနှစ်ကျောင်းသား တစ်ဦးက SME နှင့်ပတ်သက်ပြီး ကျောင်းသားများအနေနှင့် မည်သို့ လုပ်ဆောင်နိုင်သည်ကို သိလိုပါကြောင်း မေးမြန်းပါသည်

ဦးဇော်သန်းက တခြားနိုင်ငံမှ ကျောင်းသားလူငယ်များသည် အလွန်တက်ကြွကြပါကြောင်း၊ ယင်းသို့ တက်ကြွအောင်လည်း ပတ်ဝန်းကျင်ကောင်းများကို အစိုးရက ဖန်တီးပေးထားပါကြောင်း၊ မိမိတို့နိုင်ငံမှ ကျောင်းသားလူငယ်များသည်လည်း အခြားနိုင်ငံများနည်းတူ ကြိုးပမ်းရမည်ဖြစ်ပါကြောင်း ပြောကြားပါသည်။

မော်ကွန်းထိန်း ဦးသန်းစိုးဦးက ၂၀၁၅ ခုနှစ်တွင် အေအီးစီကောင်အထည်ဖော်မည်ဟု မိမိတို့ ကြားဖူးသည်မှာ သိပ်မကြာသေးပါကြောင်း၊ ယခုအခါ ဘဏ္ဍာအခွန်မှ အခွန်ဥပဒေကို ထုတ်ပြန်ပါကြောင်း၊ မိမိသိလိုသည်မှာ အေအီးစီအကောင်အထည်ပေါ်လာသောအခါ အခွန်ကို လုံးလုံးလျားလျားလျှော့ချခြင်းရှိမရှိ နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများဝင်လာလျှင် နိုင်ငံအနေနှင့် မည်သို့ အကျိုးကျေးဇူးနှင့် စိန်ခေါ်မှုများရှိသည်ကို သိလိုပါကြောင်း မေးမြန်းပါသည်။

ဒေါ်တင်တင်ထွေးက အေအီးစီအကောင်အထည်ပေါ်လာသည့်အခါ ကုန်သည်အနေနှင့် D Form လုပ်မှသာလျှင် အခွန်ကို ဝ ရာခိုင်နှုန်း ခံစားရမှာဖြစ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်လာသည်မှာ ကောင်းပါကြောင်း၊ မိမိတို့နိုင်ငံသားများအလုပ်အကိုင်အခွင့်အလမ်းများပေါ်များနိုင်ပါကြောင်း၊ သို့ရာတွင် စိန်ခေါ်မှုအဖြစ် အခြားနိုင်ငံများမှ ကျွမ်းကျင်သူများလည်း ဝင်လာမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေနှင့် ၎င်းတို့နှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် မိမိတို့၏စွမ်းဆောင်ရည်ကို မြှင့်တင်ထားရန်လည်းလိုအပ်ပါကြောင်း ပြောကြားပါသည်။

တွဲဖက်ပါမောက္ခဦးငြိမ်းနိုင်က ယခုမြန်မာနိုင်ငံ၏ SME အခြေအနေမှာ ဆိုးရွားနေပါကြောင်း၊ လွတ်လပ်စွာကုန်သွယ်မှုဒေသဖြစ်ပေါ်လာသည့်အခါ လက်ရှိအခြေအနေအရမြန်မာနိုင်ငံအနေနှင့် ယှဉ်ပြိုင်နိုင်မည် မဟုတ်ဟု မိမိအနေနှင့် ယူဆပါကြောင်း၊ ထို့ကြောင့် ယင်းအခက်အခဲများကို ကျော်လွှားနိုင်ရန် အစိုးရအနေနှင့် မည်သို့စီစဉ်ဆောင်ရွက်ပေးလျှင် အဆင်ပြေမည်ကို သိလိုပါကြောင်း မေးမြန်းပါသည်

ဦးဇော်သန်းက ဝန်ဆောင်မှုလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ အသေးစားလုပ်ငန်းစသည့် လုပ်ငန်းများအနေနှင့် အစုအဖွဲ့များဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ ထို့နောက် မြို့နယ်တစ်မြို့နယ် (သို့မဟုတ်) တိုင်းဒေသကြီးတစ်ခုတွင် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ ၎င်းတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်စက်မှုလက်မှုကုန်သည်ကြီးများအသင်းချုပ်ကဲ့သို့သော အဖွဲ့များမှ ကြီးကြပ်လုပ်ဆောင်လျှင် အဆင်ပြေမည်ဟု မိမိအနေနှင့် ယူဆပါကြောင်း ပြန်လည်ဖြေကြားပါသည်။

**နိဂုံး**

ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်သီတာကြူက ပါရမီစားပွဲဝိုင်းအဖွဲ့မှ ဟောပြောဆွေးနွေးကြသူများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို နေ့လည် ၁၅ နာရီ အချိန်တွင် အောင်မြင်စွာရုတ်သိမ်းခဲ့ပါသည်။

ကောက်ယူခဲ့သည့်စစ်တမ်းများအရ တက်ရောက်လာသူ စုစုပေါင်း (၁၇၉ ) ဦးအနက် အေအီးစီအကြောင်း သိရှိသူမှာ လူနည်းစုသာဖြစ်ပြီး အားလုံးနီးပါးမှာ အေအီးစီအကြောင်း ယခင်က မသိရှိသူများဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲတက်ရောက်ပြီးနောက် အေအီးစီအကြောင်းကို စိတ်ဝင်စားမှုရှိလာကြောင်း၊ ထို့အပြင် နောင်ဆွေးနွေးပွဲများ၌ လူငယ်များနှင့် ICT အကြောင်း၊ လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း များအကြောင်း၊ ငွေကြေးဖောင်းပွမှုများအကြောင်း၊ အေအီးစီ၏ကောင်းကျိုးဆိုးကျိုးအသေးစိတ်၊ လက်ရှိ မြန်မာနိုင်ငံစီးပွားရေးအခြေအနေနှင့် အာဆီယံနိုင်ငံများ၏စီးပွားရေးအခြေအနေ၊ အေအီးစီအကောင်အထည် ပေါ်လာလျှင် မြန်မာနိုင်ငံအနေနှင့်ပြင်ဆင်ဖြည့်စွက်ထားရမည့် လိုအပ်ချက်များနှင့် အေအီးစီနှင့်ပတ်သက်ပြီး ဆွေးနွေးဟောပြောသူများ၏ကိုယ်ပိုင်အမြင်စသည်တို့ကို ဆွေးနွေးစေလိုပါကြောင်း အကြံပြုထားပါသည်။